**ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ**

**ပြည်ထဲရေးဌာန**

**( ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှု အတွက်လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ၏ နည်းဥပဒေများ)**

**နည်းဥပဒေများအမှတ် ၁၀၁/၆၈**

**ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်။**

**(၁၉၆၈ ခုနှစ်၊ မတ်လ ၇ ရက်)။**

အမှတ် ၁၀၁။ ။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည်ဆောက်မှုအတွက်၊ လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၆ အရ၊ အစိုးရသည်အောက်ပါနည်းဥပဒေများကို ပြုလိုက် သည်။

**၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက်လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေ၏ နည်းဥပဒေများ**

**အခန်း ၁**

**အမည်၊ အာဏာတည်ရန်ဒေသနှင့်ရက်**

၁။ ။(၁) ဤနည်းဥပဒေများကို **၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက်လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေ၏ နည်းဥပဒေများ**ဟုခေါ်တွင်စေရမည်။

(၂) ဤနည်းဥပဒေများသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင်ချက်ခြင်းအာဏာတည်ရမည်။

**အခန်း ၂**

**ရှာဖွေစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၂။ ။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစနစ် တည်ဆောက်မှုအတွက်လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေအရအရေးယူရာတွင် ပထမအဆင့်မှာ အဆိုပါဥပဒေပုဒ်မ ၈ အရ ရှာဖွေ စစ်ဆေးခြင်းဖြစ်သည်။ ဤသို့ ရှာဖွေစစ်ဆေးရာတွင်တာဝန်ခံတဦးတယောက်အနေဖြင့်မဆောင်ရွက်ပဲ အဖွဲ့အနေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့အတွက် သက်ဆိုင်ရာ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသည် အောက်ပါပုဂ္ဂိုလ်တို့ပါဝင်သော ရှာဖွေစစ်ဆေးရေး အဖွဲ့တဖွဲ့ကို သော်၎င်း၊ တဖွဲ့ထက်ပို၍ သော်၎င်း လိုအပ်သလို ရှာဖွေစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့် အမိန့်ပုံစံ ၁ တွင် ပြည့်စုံစွာ ဖြည့်သွင်း၍ ဖွဲ့စည်းပေးရ မည်-

(က) မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ အဖွဲ့ဝင်မဟုတ်သော မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီ ကိုယ်စားလှယ်တဦး---- အဖွဲ့ခေါင်းဆောင်။

(ခ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီယူနစ်မှ ရွေးချယ် ပေးသည့်ကိုယ်စားလှယ်တဦး---- အဖွဲ့ဝင်။

(ဂ) တပ်မတော်/ ပြည်သူ့ရဲတပ်ဖွဲ့/ ယစ်မျိုး/ အကောက်ဌာန/ လူဝင်မှုကြီးကြပ်ရေး/ အမျိုးသား မှတ်ပုံတင်/ ကုန်သွယ်ရေးလုပ်ငန်းခွန်/ အထွေထွေအုပ်ချုပ်ရေးနှင့် အခြားဌာန အရာရှိများမှပြည်သူ့ ရဲတပ်ဖွဲ့ ဒု-လုံခြုံရေးမှူး ရာထူးဆင့်ထက်မနိမ့်သောကိုယ်စားလှယ်တဦး---- ---- အတွင်းရေးမှူး။

၃။ ။ ရှာဖွေစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ရန်အလို့ငှါမြို့နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည် ရှာဖွေစစ်ဆေးရေးအဖွဲ့၏ ခေါင်းဆောင်၊ အဖွဲ့ဝင်နှင့်အတွင်းရေးမှူးများအဖြစ် တာဝန်ပေးနိုင်မည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြုလုပ်၍တိုင်း/ ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသို့တင်ပြ ကာသဘောတူ အတည်ပြုချက်ရယူထားရမည်။ ယင်းအမည်စာရင်းတွင် ပြောင်းလဲမှုများရှိပါကလည်း တိုင်း/ ပြည်နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီထံသို့ ထပ်မံတင်ပြကာ သဘောတူအတည်ပြုချက်ရယူ ထားရမည်။ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည် ရှာဖွေစစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍ တာဝန်ခန့် ခွဲပေးရန် လိုအပ်သည့်အခါ၌ တိုင်း/ ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီကသဘောတူအတည်ပြု ထားသည့် စာရင်းမှသင့်လျော်သောအဖွဲ့ခေါင်းဆောင်၊ အဖွဲ့ဝင်၊ အတွင်းရေးမှူးများကို အမိန့်ပုံစံ ၁ ဖြင့် ဖွဲ့စည်းမိန့် ရေးသားကာ အမိန့်ပုံစံပါအတိုင်း ယင်းအဖွဲ့၏ ဆောင်ရွက်ရမည့်ဒေသနှင့်ကာလအပိုင်းအ ခြားများကိုပါ သတ်မှတ်ဖေါ်ပြလျက် တာဝန်ပေးရမည်။ ယင်းအဖွဲ့၏ လုပ်ငန်းများသည် သတ်မှတ်သော ကာလ အချိန်အပိုင်းအခြား ပြီးဆုံးပါက ထိုအဖွဲ့၏ လုပ်ပိုင်ခွင့်သည် ပြီးဆုံးပြီးဖြစ်စေရမည်။ မြို့နယ်လုံ ခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည်ယင်းအဖွဲ့များအား လိုအပ်သလောက် ဖွဲ့စည်းနိုင်သည်။ ယင်းအဖွဲ့ များ၏ လုပ်ငန်းတာဝန်ကာလအပိုင်းအခြားကို လည်းလိုအပ်သလောက် သတ်မှတ်ပေးနိုင်သည်။

၄။ ။ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသည် ရှာဖွေ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့် အမိန့်ပုံစံ ၁ မိတ္တူတစောင်ကို ပြည်ထဲရေးဌာန၊ တရားရေးဌာနနှင့်တိုင်း/ ပြည်နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော် မီတီသို့ ပေးပို့ရမည်။

**ရှာဖွေခြင်း**

၅။ ။ ရှာဖွေစစ်ဆေးရေးအဖွဲ့သည် ရှာဖွေစစ်ဆေးသည့်အခါ ကိုယ်စားလှယ်လွှဲခြင်းမပြုပဲမိမိတို့ကိုယ်တိုင် ရှာဖွေ၍ မိမိတို့သိမ်းဆည်းသည့်ပစ္စည်းများနှင့် မိမိတို့၏ စုံစမ်းချက်များကို ပုံစံ ၂ တွင် ပြည့်စုံစွာ ဖြည့် သွင်းရမည်။

၆။ ။ ရှာဖွေစစ်ဆေးရေးအဖွဲ့သည် ရှာဖွေစစ်ဆေးရန် ယာဉ်၊ အိမ်ဂေဟာ၊ နေရာတို့ကို ပိတ်လျက် တွေ့ရှိ ပြီးပိုင်ရှင်ပုဂ္ဂိုလ်များကို လည်းရှာဖွေစုံစမ်း၍ မတွေ့ရှိလျှင်သော်၎င်း၊ တွေ့ရှိပါလျက်နှင့် ပိုင်ရှင်ပုဂ္ဂိုလ်က ရှာဖွေစစ်ဆေးခြင်းကို ငြင်းဆိုတားဆီးပိတ်ပင်ခွင့်မပြုလျှင်သော်၎င်း သာမန်နည်းအားဖြင့် ဝင်ရောက်ရှာ ဖွေခြင်းမပြုနိုင်ပါက ထိုနေရာပတ်ဝန်းကျင်တွင်နေထိုင်သော ပုဂ္ဂိုလ် ၂ ဦးအား သက်သေအဖြစ်ခေါ်ယူပြီး လျှင် တံခါးအခြားအတားအဆီးများကို ဖယ်ရှား၍ ဝင်ရောက်ရှာဖွေစစ်ဆေးနိုင်သည်။

၇။ ။ ရှာဖွေစစ်ဆေးရေးအဖွဲ့သည် ရှာဖွေစစ်ဆေးပြီးသည့်အခါ၊ သိမ်းဆည်းရမိသည့်ပစ္စည်းများနှင့်စပ် လျဉ်း၍ ရှာဖွေပုံစံတွင် သက်သေလူကြီးများကို လက်မှတ်ရေးထိုးစေရမည်။

၈။ ။ ရှာဖွေစစ်ဆေးရေးအဖွဲ့သည်ရှာဖွေစစ်ဆေးသည့်အခါတွင် ယာဉ်၊ အိမ်ဂေဟာ၊ နေရာ၏ပိုင်ရှင်၊ သို့မ ဟုတ် ၎င်း၏ကိုယ်စားလှယ်ရှိနေပါက ယင်းပိုင်ရှင်၊ သို့မဟုတ် ယင်းကိုယ်စားလှယ်၏ရှေ့တွင် ရှာဖွေစစ်ဆေးရမည်။

ရှာဖွေစစ်ဆေးပြီးစီးသည့်အခါသိမ်းဆည်းသည့်ပစ္စည်းစာရင်းကို ယင်းပိုင်ရှင်၊ သို့မ ဟုတ် ယင်းကိုယ်စားလှယ်အား လက်မှတ်ရေးထိုးစေရမည်။ မိတ္တူတစောင်ပြုလုပ်၍ ၎င်းအားပေးအပ်ခဲ့ ရမည်။

၉။ ။ ရှာဖွေစစ်ဆေးရေးအဖွဲ့သည် လူအပေါ်တွင်ဝှက်ထားသောပစ္စည်းရှိသည်ဟု သံသယဖြစ်စေရန် အ ကြောင်းရှိပါက ယင်းပုဂ္ဂိုလ်ကို ရှာဖွေနိုင်သည်။ သို့သော် ယင်းပုဂ္ဂိုလ်မှာ အမျိုးသမီးဖြစ်ပါက အခြားအ မျိုးသမီးတဦးဦးအား ဟိရိဩတ္တပတရားနှင့်အညီ ရှာဖွေစစ်ဆေးစေရမည်။ ရှာဖွေစစ်ဆေးပြီးစီးသည့်အ ခါသိမ်းဆည်းသည့်ပစ္စည်းစာရင်းကို ယင်းပုဂ္ဂိုလ်အားလက်မှတ်ရေးထိုးစေရမည်။ မိတ္တူတစောင်ပြုလုပ် ၍ ယင်းအားပေးအပ်ခဲ့ရမည်။

၁၀။ ။ ရှာဖွေစစ်ဆေးရေးအဖွဲ့သည် ရှာဖွေစစ်ဆေး၍ ပြီးဆုံးသောအခါ၊ တရားခံနှင့် သိမ်းဆည်း ရရှိသောပစ္စည်းအစရှိသည်တို့ကို သက်ဆိုင်ရာမြို့နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသို့ လိုအပ်သ လိုဆက်လက်ဆောင်ရွက်ရန်ပေးအပ်ရမည်၊

## တရားခံနှင့်ပတ်သက်၍ ဆောင်ရွက်နည်း

၁၁။ ။မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည်တရားခံအား သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်း၊ သို့မဟုတ် အကျဉ်းစခန်းတွင် ချုပ်ထားနိုင်ရန် ပုံစံ ၃ ဖြင့်သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့တရားခံ နှင့် အတူပေးပို့ရမည်။

၁၂။ ။ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည်တရားခံအားအာမခံဖြင့်လွှတ်ထားရန်အကြောင်းရှိ ပါကလုံလောက်သောအာမခံချုပ်ဆို၍ ပုံစံ ၃ (က) ဖြင့် လွှတ်ထားနိုင်သည်။

၁၃။ ။ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည် မှုခင်းကို ဆက်လက်စုံစမ်းစစ်ဆေးရာ၌ ချုပ်ထား သော တရားခံ၊ သို့မဟုတ် တရားခံများသည် ဤမှုခင်းနှင့်ပတ်သက်၍ မသက်ဆိုင်ကြောင်းတွေ့ရှိလျှင် ပုံ စံ ၃ (ခ) ဖြင့် တရားခံ၊ သို့မဟုတ် တရားခံများအား အလျင်အမြန်လွှတ်ရန် သက်ဆိုင်ရာသို့ညွှန်ကြားရ မည်။

## သိမ်းဆည်းသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်နည်း

၁၄။ ။ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီတွင်ပုံစံ ၉ ပါအတိုင်းပစ္စည်းသိမ်းမှတ်ပုံတင် စာအုပ် ထားရှိရမည်။ အဆိုပါစာအုပ်တွင် ရှာဖွေစစ်ဆေးရေးအဖွဲ့မှသိမ်းဆည်းတင်ပြသည့်ပစ္စည်းအားလုံး ကို ရေးသွင်းရမည်။

၁၅။ ။ အမှုနှင့်အကျုံးမဝင်သည့်ပစ္စည်းများကို မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည် ပစ္စည်း သိမ်းဆည်းခြင်းခံရသူအားပြန်လည်ပေးရမည်။ ယင်းသို့ပြန်ပေးကြောင်းကို ပစ္စည်းသိမ်းမှတ်ပုံတင်စာ အုပ်တွင်ရေးသွင်းရမည်။

၁၆။ ။ ပျက်စီးလွယ်သော ပစ္စည်းများနှင့်ကုန်သွယ်ရေးမှ ကန့်သတ်ထားသောပစ္စည်းများဟု အထင်အ ရှားသိလျှင် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသည်သက်ဆိုင်ရာမြို့နယ်ကုန်သွယ်ရေးသို့ ပုံစံ ၄ ဖြင့် ၄ စောင်ရေးသွင်း၍ ပစ္စည်းနှင့်တကွပေးပို့ရမည်။ ပစ္စည်းများပေးပို့ရာ၌ ကုန်သွယ်ရေးမှ ကန့်သတ်ထားသောပစ္စည်းများပါရှိလျှင် ယင်းပစ္စည်းများ၏နမူနာကို ချန်လှပ်၍ သက်သေခံအဖြစ် တင် ပြရန်အတွက် ဒေသပြည်သူ့တရားရုံးသို့ပေးပို့ရမည်။ မြို့နယ်ကုန်သွယ်ရေး ဦးစီးမန်နေဂျာသည် အဆိုပါ ပုံစံမိတ္တူ ၄ စောင်လုံးတွင် လက်မှတ်ရေးထိုး၍ တစောင်ကို မိမိထံတွင်ထားရှိပြီး ကျန် ၃စောင်ကို မြို့နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသို့ပေးပို့ရမည်။ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည်ကျန် ၃ စောင်ရရှိသည့်အခါအောက်ပါအတိုင်းပေးပို့ရမည်-

(က) သက်ဆိုင်ရာဒေသ ပြည်သူ့တရားရုံးအတွက် ---- ၁ စောင်။

(ခ) တိုင်း/ ပြည်နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီအတွက် ---- ---- ၁ စောင်။

(ဂ) မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီအတွက် ---- ၁ စောင်။

၁၇။ ။ (၁) မြို့နယ်ကုန်သွယ်ရေး ဦးစီးမန်နေဂျာသည် မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီမှ လွှဲအပ် ပေး၍ လက်ခံရရှိသော ပစ္စည်းများကို ထုခွဲပြီး ယင်းပစ္စည်းများ၏ တန်ဘိုးငွေကို လက်ဝယ်မထားပဲ ငွေ တိုက်/ ဘဏ်တွင်ချလံ ၄ စောင်ပြုလုပ်၍ တရားရုံးအပ်ငွေအဖြစ်ဖြင့် သက်ဆိုင်ရာရုံး အမှုအမှတ်ကို ရည် ညွှန်းကာပေးသွင်းရမည်။ ယင်းသို့ပေးသွင်းပြီးနောက် ငွေတိုက်/ ဘဏ်မှပြန်လည်ရရှိမည့်ချလံမိတ္တူ ၃ စောင်အနက် တစောင်ကို မြို့နယ်ကုန်သွယ်ရေးအဖွဲ့တွင်ထားရှိပြီး ကျန်မိတ္တူ ၂ စောင်ကို မြို့နယ်လုံ ခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီနှင့်သက်ဆိုင်ရာဒေသပြည်သူ့တရားရုံးသို့ တစောင်စီပေးပို့ရမည်။

(၂) အကယ်၍ ဒေသပြည်သူ့တရားရုံးသည်၊ အမှုစစ်ဆေးပြီးအဆိုပါပစ္စည်းတန်ဘိုးအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကို ဖြစ်စေ၊ သက်ဆိုင်သူအား ပြန်လည်ပေးရန်အမိန့်ချမှတ်သည့်အခါ အယူခံရက်ကုန် ဆုံးသည့်အခါသော်၎င်း၊ အယူခံဝင်လျှင် အယူခံအဖွဲ့မှ ဒေသပြည်သူ့တရားရုံး၏အမိန့်ကို အတည်ပြု လျှင်သော်၎င်း၊ တရားရုံးအပ်ငွေမှပြန်လည်ထုတ်ပေးငွေ ပြေစာ(Refund Voucher)ဖြင့်ထုတ်ပေးရ မည်။ ယင်းသို့ပြန်လည်ထုတ်ပေးပြီးကြောင်းကို အမှုတွဲတွင်မှတ်သားရမည့်အပြင်မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီနှင့်မြို့နယ် ကုန်သွယ်ရေးအဖွဲ့များသို့အကြောင်းကြားရမည်။

(၃) အကယ်၍ ဒေသပြည်သူ့တရားရုံးသည် အမှုစစ်ဆေးပြီး အဆိုပါပစ္စည်း၏ တန်ဘိုးအားလုံးကိုဖြစ်စေ၊ တစိတ်ဒေသကိုဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာအဖြစ်ဖြင့် သိမ်းဆည်းရန်အမိန့်ချမှတ်သည့်အခါ၊ အယူခံရက်ကုန် ဆုံးသည့်အခါသော်၎င်း၊ အယူခံဝင်လျှင်အယူခံအဖွဲ့မှဒေသပြည်သူ့တရားရုံး၏ အမိန့်ကို အတည်ပြုလျှင် သော်၎င်း၊ အဆိုပါအပ်ငွေကို "၄- ၁၄၊ တရားစီရင်ခြင်း။ ၁၄- ၁၊ ပိုင်ရှင်မဲ့နှင့် သိမ်းယူထားသောပစ္စည်း များမှရောင်းရငွေများ" ခေါင်းစဉ်အောက်တွင် လွှဲပြောင်းပေးသွင်းရမည်။ ယင်းသို့လွှဲပြောင်းပေးသွင်းပြီး ကြောင်းကိုအမှုတွဲတွင် မှတ်သားရမည့်အပြင် မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီနှင့် မြို့နယ်ကုန် သွယ်ရေးအဖွဲ့များသို့ အကြောင်းကြားရမည်။

၁၈။ ။ ဒေသပြည်သူ့တရားရုံးသို့တင်ပြသည့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း ရန်ဒေသပြည်သူ့တရားရုံးမှ အမိန့်ချမှတ်သောအခါ၊ အယူခံရက်ကုန်ဆုံးသည့်အခါအထိသော်၎င်း၊ အယူခံ အဖွဲ့က အမိန့်ချမှတ်ပြီးသည်အထိသော်၎င်း စောင့်ဆိုင်းရမည်။ အယူခံအဖွဲ့မှပြည်သူ့ဘဏ္ဍာအဖြစ် သိမ်း ဆည်းရန်အမိန့်ချမှတ်လျှင် မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီမှ မြို့နယ်ကုန်သွယ်ရေးသို့ ပုံစံ ၄ ဖြင့် မိတ္တူ ၄ စောင်ပြုလုပ်၍ ပစ္စည်းများပို့ရမည်။ မြို့နယ်ကုန်သွယ်ရေးဦးစီးမန်နေဂျာသည် အဆိုပါပုံစံ ၄ စောင်လုံးတွင် လက်မှတ်ရေးထိုးပြီး တစောင်ကိုမိမိထံတွင်ထား၍ ကျန် ၃ စောင်ကို မြို့နယ်လုံခြုံရေး နှင့်အုပ်ချုပ်မှုကော်မီတီသို့ ပေးပို့ရမည်။ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီမှအောက်ပါ အတိုင်းပေး ပို့ရမည်-

(က) ဒေသပြည်သူ့တရားရုံး ---- ---- ၁ စောင်။

(ခ) တိုင်း/ ပြည်နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီ ၁ စောင်။

(ဂ) မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီ ---- ၁ စောင်။

**စုံစမ်းစစ်ဆေးခြင်း**

၁၉။ ။ ရှာဖွေစစ်ဆေးရေးအဖွဲ့သည် ဤနည်းဥပဒေများအရ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်ရမည်။

၂၀။ ။ အဆိုပါ စုံစမ်းစစ်ဆေးခြင်းအတွက် ပုံစံများရေးသွင်းခြင်းနှင့်အခြားမှတ်တမ်းတင်ခြင်းကိစ္စအဝဝ ကို ရှာဖွေစစ်ဆေးရေးအဖွဲ့၏ အတွင်းရေးမှူးက ဆောင်ရွက်ရမည်။

၂၁။ ။ စုံစမ်းစစ်ဆေးမှုပြီးဆုံးလျှင် ရှာဖွေစစ်ဆေးရေးအဖွဲ့သည် မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီ သို့အမှုတွဲကို တင်ပြရမည်။

၂၂။ ။အခြားပြည်သူ့ရဲတပ်ဖွဲ့စခန်းပိုင်နယ်မြေတွင် သက်သေများစုံစမ်းရန်လိုအပ်ပါက ရှာဖွေစစ်ဆေးရေး အဖွဲ့သည်မိမိ၏ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီသို့ အမှုတွဲကို တင်ပြခြင်းအားဖြင့် မည်သည့် သက်သေများစစ်ဆေးပေးစေလိုကြောင်းပုံစံ ၂ (က) ၂ စောင်ဖြင့် တောင်းဆိုရမည်။ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသည်ယင်းပုံစံ ၂ (က) ၂ စောင်ကို သက်ဆိုင်ရာမြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီ တီသို့သက်သေများ စုံစမ်းစစ်ဆေးပေးရန် ပေးပို့ရမည်။ ပေးပို့သည့်ပုံစံ ၂ (က) ၂ စောင်ကို ရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသည် ပုံစံများကို ဖြည့်စွက်၍ ဆောလျင်စွာ ပြန် လည်ပေးပို့ရမည်။

၂၃။ ။ ဖြည့်စွက်ပြီးသည့်ပုံစံ ၂ (က) ၂ စောင်ကို ပြန်လည်ရရှိသည့်အခါမြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီသည်အမှုတွဲဖြင့် ထိုပုံစံများကို ရှာဖွေစစ်ဆေးရေးအဖွဲ့သို့ အမြန်ပြန်လည်ပေးပို့ရမည်။

၂၄။ ။ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည် ပုံစံ ၁ နှင့် စုံစမ်းစစ်ဆေးရာတွင် အသုံးပြုသော အခြားပုံစံများပူးတွဲ၍ မိမိ၏ထောက်ခံချက်ဖြင့် အမှုတွဲပြုလုပ်ပြီးအရေးယူရန် တိုင်း/ ပြည်နယ်လုံခြုံရေး နှင့် အုပ်ချုပ်မှုကော်မီတီသို့ပေးပို့ရမည်။

၂၅။ ။ တိုင်း/ ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသည် မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီ မှတင်ပြလာသော အမှုတွဲများကို တိုင်း/ ပြည်နယ်မှုခင်းကော်မီတီအားမည်သည့် ဥပဒေပုဒ်မဖြင့် အရေး ယူရမည်ကို စီစစ်ဆုံးဖြတ်စေရမည်။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ် ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၅ အရ အရေးယူရန်ဆုံးဖြတ်သည့် အမှုများနှင့် ပတ်သက်၍ ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံး ဥပဒေနှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း ၃

## ဒေသပြည်သူ့တရားရုံးဖွဲ့စည်းခြင်း

၂၆။ ။ ဒေသပြည်သူ့တရားရုံးကိုတိုင်း/ ပြည်နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီက အောက်ပါပုဂ္ဂိုလ်များပါဝင်စေပြီးဖွဲ့စည်းရမည်-

**နာယကနှင့်အဖွဲ့ဝင်များ**

(က) တိုင်း/ ပြည်နယ် လုံခြုံရေးနှင့်အုပ် ချုပ်မှုကော်မီတီမှရွေးချယ်သောပုဂ္ဂိုလ်တဦး --- နာယက။

(ခ) ပြည်သူ့အလုပ်သမားကောင်စီ ကိုယ်စားလှယ်တဦး ---- အဖွဲ့ဝင်။

(ဂ) ပြည်သူ့တောင်သူလယ်သမားကောင်စီကိုယ်စားလှယ်တဦး ---- အဖွဲ့ဝင်။

**အရန်အဖွဲ့ဝင်များ**

(ဃ) ပြည်သူ့အလုပ်သမားကောင်စီ ကိုယ်စားလှယ်တဦး ---- အရန်အဖွဲ့ဝင်။

(င) ပြည်သူ့တောင်သူလယ်သမားကောင်စီကိုယ်စားလှယ်တဦး ---- ---- အဖွဲ့ဝင်။

**မှတ်ချက်**။ ။ (၁) လိုအပ်လျှင် ဥပဒေရေးရာနားလည်တတ်ကျွမ်းသူတဦးကို ဥပဒေအရာရှိအဖြစ်ထည့် သွင်းနိုင်သည်။

(၂) ပြည်သူ့အလုပ်သမားကောင်စီနှင့် ပြည်သူ့တောင်သူလယ်သမားကောင်စီများကို မဖွဲ့စည်းရသေးမီ ကာလအတွင်းသက်ဆိုင်ရာမြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီယူနစ်က ကိုယ်စားလှယ်များကို ရွေးချယ် ပေးရမည်။

(၃) အကယ်၍ အဖွဲ့ဝင်တဦးဦးဖျားနာ၍သော်၎င်း၊ မလွှဲမရှောင်သာသောကိစ္စကြောင့်အရပ်တပါးသို့ သွား နေရသောအခါ၌ သော်၎င်းအရန်အဖွဲ့ဝင်တဦးဦးကို ထည့်သွင်း၍ ဆက်လက်စစ်ဆေးနိုင်သည်။

၂၇။ ။ ဒေသပြည်သူ့တရားရုံးနာယကနှင့်အဖွဲ့ဝင်များသည်မိမိအား တာဝန်ပေးထားသည့် စစ်ဆေးဆဲအ မှုကို ပြီးဆုံးသည်အထိ ဆက်လက် စစ်ဆေးသွားရမည်။

၂၈။ ။ တိုင်း/ ပြည်နယ် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည်ဒေသပြည်သူ့တရားရုံးများကို ဒေသအ လိုက်တရုံးသော်၎င်း၊ တရုံးထက်ပို၍သော်၎င်း၊ ဖွဲ့စည်းပေးနိုင်သည်။ ဤဒေသပြည်သူ့တရားရုံးများ သည်အမြဲတမ်းတရားရုံးများကဲ့သို့ တည်ရှိနေရမည်။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ် တည် ဆောင်မှု အတွက်လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ အရ တရားစွဲတင်ပို့သည့် အမှုများကိုသာ စစ်ဆေးပိုင်ခွင့်ရှိသည်။

၂၉။ ။ ဒေသပြည်သူ့တရားရုံးဖွဲ့စည်းသည့်အမိန့်၏ မိတ္တူများကို အောက်ပါအတိုင်းပေးပို့ရမည်-

(က) သက်ဆိုင်ရာခရိုင် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီ/ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီများ။

(ခ) သက်ဆိုင်ရာမြို့နယ်ရာဇဝတ်တရားသူကြီး။

(ဂ) သက်ဆိုင်ရာ ခရိုင်တရားမနှင့်စက်ရှင်တရားသူကြီး။

(ဃ) တရားရေးဌာန။

၃၀။ ။ တိုင်း/ ပြည်နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည် တိုင်း/ ပြည်နယ် မှုခင်းကော်မီတီမှတင်ပြ သည့် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပ ဒေပုဒ်မ ၁၄ အရ အမှုများကို မည်သည့်ဒေသပြည်သူ့တရားရုံးတွင်စစ်ဆေးရမည်ကို ခွဲဝေသတ်မှတ်ပေး ရမည်။

**အမှုကိုနေ့စဉ်ရက်ဆက်ရုံးထိုင်စစ်ဆေးခြင်း**

၃၁။ ။ ဒေသပြည်သူ့တရားရုံးသည်အမှုတခုကို ပြီးဆုံးသည်အထိ နေ့စဉ်ရက်ဆက်စစ်ဆေးရမည်။ ထိုသို့ စစ်ဆေးခြင်းမပြုနိုင်လျှင် မည်သည့်အတွက်စစ်ဆေးခြင်းမပြုနိုင်ကြောင်းကို တိုင်း/ ပြည်နယ်လုံခြုံရေး နှင့်အုပ်ချုပ်မှုကော်မီတီသို့အလျင်အမြန်အစီရင်ခံရမည်။

၃၂။ ။ ဒေသပြည်သူ့တရားရုံးကို ဖွင့်လှစ်ရာတွင်သက်ဆိုင်ရာ မြို့နယ်ရာဇဝတ်တရားသူကြီးက အောက်ပါတို့ကို စီစဉ်ပေးရမည်-

(က) ရုံးထိုင်ရန် နေရာထိုင်ခင်း။

(ခ) ရုံးအမှုထမ်းများ။

(ဂ) လိုအပ်သောတရားစီရင်ရန်ပုံစံများ။

**ဒေသပြည်သူ့တရားရုံးကတရားခံအားဆင့်ခေါ်နည်း**

၃၃။ ။ ချိန်းဆိုသောနေ့တွင် တရားခံလာရောက်ခြင်းမရှိပဲ ပျက်ကွက်လျှင် ထိုသို့ပျက်ကွက်ခြင်းအတွက် အကြောင်းလုံလောက်သည်ဟု ယူဆပါက တရားခံအားထပ်မံ ဆင့်ခေါ်နိုင်သည်။ အကြောင်းမလုံ လောက်ပဲ ပျက်ကွက်လျှင် တရားခံအားဝါရမ်းထုတ်၍ ဆင့်ခေါ်ရမည်။

၃၄။ ။ အကယ်၍ တရားခံသည် အာမခံနှင့် ဖြစ်နေခဲ့လျှင်သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးသည် ဒေ သပြည်သူ့တရားရုံးက စတင်ချိန်းသည့် နေ့ရက်တွင်လာရောက်စေရန် ညွှန်ကြားခြင်းပြုရမည်။

၃၅။ ။ (၁) တရားခံထွက်ပြေးတိမ်းရှောင်နေကြောင်းပေါ်လွင်လျှင် တရားခံအား တရားခံပြေးအဖြစ်ကျေ ညာ၍ သိမ်းဆည်းထားသော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းပြီးလျှင် ထုခွဲသည့်အမိန့်ကို လိုအပ်သလိုချမှတ်ရမည်။

(၂) တရားခံတဦးထက်ပိုမိုပါဝင်သည့်အမှုတွင် တရားခံတဦးဦးကထွက်ပြေးတိမ်းရှောင်နေလျှင် ထိုသို့ တိမ်းရှောင်နေသည့် တရားခံ၏မျက်ကွယ်၌အမှုကို နည်းဥပဒေ ၃၈ အရ ဆက်လက်စစ်ဆေးနိုင်သည်။ ယင်းသို့စစ်ဆေးသော အစစ်ခံချက်များကို တရားခံအားဖမ်းဆီးရမိသောအခါ အသုံးပြုနိုင်သည်။

**ဒေသပြည်သူ့တရားရုံးသို့တရားခံလာရောက်သောအခါအမှုစစ်ဆေးနည်း**

၃၆။ ။ ဒေသပြည်သူ့တရားရုံးနာယက/ အဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များသည်ရုံးစတင်ထိုင်မည့်နေ့တွင် ပုံစံ ၅ အတိုင်း ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးကြရမည်။

၃၇။ ။ သက်သေများစစ်ဆေးသောအခါထိုသက်သေများကို ပုံစံ၆ အတိုင်းကတိသစ္စာပြု၍ လက်မှတ်ရေး ထိုးစေပြီးမှစစ်ဆေးရမည်။

၃၈။ ။ တရားခံသည်ဒေသပြည်သူ့တရားရုံးသို့ လာရောက်သောအခါ တရားရုံးသည်-

(က) တရားလိုဘက်မှတင်ပြသော သက်သေခံချက်များကို ကြားနာရမည်။

(ခ) လိုအပ်ပါကတင်ပြထားသော တရားလိုသက်သေများအပြင် အမှုကို ပိုမိုပေါ်လွင်ထင်ရှားအောင် ထွက်ဆိုနိုင်သော သက်သေများရှိသေးကြောင်း စစ်ဆေးနေစဉ်ပေါ်လွင်လျှင်ယင်းသက်သေများကို ခေါ် ယူစစ်ဆေးရမည်။

(ဂ) သက်သေအားလုံးစစ်ဆေးပြီး အမှုမပေါ်လွင်ပါက တရားခံအားတရားရှင်လွှတ်ရမည်။

(ဃ) တရားလိုဘက်မှ တင်ပြသော သက်သေများအနက် အချို့ကို စစ်ဆေးပြီးစီးသည့်အခါသော်၎င်း၊ သက်သေအပြည့်အစုံကို စစ်ဆေးပြီးစီးသည့်အခါသော်၎င်း တရားခံသည်ပြစ်မှုကို ကျူးလွန်ကြောင်းယူ ဆရန်အကြောင်းရှိမည်ဟုထင်မြင်လျှင် တရားခံအပေါ် သက်ဆိုင်ရာပုဒ်မဖြင့် သာမန်စွဲချက်ပုံစံတွင် ရေး မှတ်၍ စွဲချက်တင်ရမည်။

(င) အကယ်၍တရားခံသည် အပြစ်ရှိကြောင်းဝန်ခံလျှင် ၎င်းဝန်ခံချက်အတိုင်း ပြစ်ဒဏ်စီရင်သောအမိန့် ကိုချမှတ်ရမည်။

(စ) အကယ်၍အပြစ်မရှိကြောင်းငြင်းဆိုပါက တရားခံအား တရားလိုပြသက်သေများကို ပြန်လည်ခေါ် ယူစစ်ဆေးလိုသည် မလိုသည်ကို မေးမြန်းပြီး လိုသည်ဟုတင်ပြလျှင် စစ်ဆေးလိုသော သက်သေများ အားခေါ်ယူစစ်ဆေးပေးရမည်။

(ဆ) ပြန်လည်ခေါ်ယူသော တရားလိုပြသက်သေများအား စစ်ဆေးပြီးနောက် တရားခံသည် မိမိကိုယ်တိုင်ကတိသစ္စာပြုကာ အစစ်ခံလိုပါက ကတိသစ္စာပြုစေ၍ စစ်ဆေးခြင်းပြုရမည်။

(ဇ) တရားခံတင်ပြသော သက်သေများကို ဆက်လက်စစ်ဆေးရမည်။

(ဈ) တရားလိုဘက်မှဖြစ်စေ၊ တရားခံဘက်မှဖြစ်စေ သက်သေတဦး၏ထွက်ဆိုချက်သည် မှုခင်းနှင့်ပတ် သက်၍ အရေးပါအရာရောက်လိမ့်မည်မဟုတ်ဟုကျေနပ်လျှင် အကြောင်းကို ဖေါ်ပြလျက် ထိုသက်သေကို မဆင့်ခေါ်လိုကြောင်းငြင်းဆန်နိုင်သည်။

၃၉။ ။ တရားခံနှင့်တရားခံတင်ပြသောသက်သေများ စစ်ဆေးပြီးသောအခါတွင် တွေ့ရှိသောအချက်အ လက်များပေါ်တွင်စီရင်ချက်ချမှတ်ရမည်။

၄၀။ ။ စီရင်ချက်ချမှတ်ရာတွင်သက်သေခံပစ္စည်းများနှင့် စပ်လျဉ်းသည့်အမိန့်ပါဝင်စေရမည်-

(က) တရားခံအပြစ်မရှိပါက ပစ္စည်းများကို ၎င်းအားပြန်လည်ပေးအပ် ရမည်။ အကယ်၍ ပစ္စည်းများမှာ ပျက်စီးလွယ်၍သော်၎င်း၊ ကန့်သတ်ထားသောပစ္စည်းများဖြစ်၍သော်၎င်း ထုခွဲခဲ့ပြီးဖြစ်ပါကအစိုးရသတ် မှတ်ထားသောနှုန်းများဖြင့် ထုခွဲသည့်ပစ္စည်းတန်ဘိုးပြန်လည်ပေးရမည်။

(ခ) ပြစ်မှုထင်ရှားပါက သက်ဆိုင်ရာပစ္စည်း၊ သို့မဟုတ် တန်ဘိုးငွေကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း သောအမိန့်ကို ချမှတ်ရမည်။

၄၁။ ။ အမှုတွဲတွင်ရေးမှတ်ချက်များပြည့်စုံသောအခါ အမှုတွဲကို သက်ဆိုင်ရာမြို့နယ်ရာဇဝတ် တရားသူ ကြီးထံသို့ ဆက်လက်ဆောင်ရွက်နိုင်ရန်ပို့ရမည်။

## အခန်း ၄

## ဒေသပြည်သူ့တရားရုံး၏တာဝန်

၄၂။ ။ ဒေသပြည်သူ့တရားရုံးသည် အမှုကို အမှန်ဆုံးနှင့် အမြန်ဆုံးစီရင်ရန်အတွက်တာဝန်ရှိစေရမည်။

၄၃။ ။ ဒေသပြည်သူ့တရားရုံးသည် အစိုးရကအခါအားလျော်စွာ ထုတ်ပြန်သည့်နည်းဥပဒေများ၊ ညွှန် ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

### မြို့နယ်ရာဇဝတ်တရားသူကြီး၏တာဝန်

၄၄။ ။ ဒေသပြည်သူ့တရားရုံး၏အမှုတွဲကို မြို့နယ်ရာဇဝတ်တရားသူကြီးကထိန်းသိမ်းရမည်။ မြို့နယ်ရာ ဇဝတ်တရားသူကြီးသည် သတ်မှတ်ထားသော မိတ္တူကူးခနှုန်းကို ပေးလျှင်မိတ္တူမှန်ကိုပေးနိုင်သည်။

၄၅။ ။ မြို့နယ်ရာဇဝတ်တရားသူကြီးသည်အမှုတွဲများအတွက် ပုံစံ ၇ပါအတိုင်း မှတ်ပုံတင်စာအုပ်ပြုလုပ် ထားရှိရမည်။ အမှုပြီးဆုံးသောအခါ ပုံစံ ၇ပါမိတ္တူတစောင်စီကို တရားရေးဌာန၊ တိုင်း/ပြည်နယ်လုံခြုံ ရေးနှင့်အုပ်ချုပ်မှုကော်မီတီနှင့်သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ မှတ်ပုံတင်ထားရှိရန်အတွက်ပေးပို့ရ မည်။

၄၆။ ။ မြို့နယ်ရာဇဝတ်တရားသူကြီးသည် အမှုတွဲကို လက်ခံရရှိသောအခါပြစ်ဒဏ်စီရင်သော အမှုဖြစ် လျှင် ထိုသို့ပြစ်ဒဏ်စီရင်ခြင်းသည် မိမိ၏ရုံးမှ စီရင်သည့် အမှုဖြစ်ဘိသကဲ့သို့ ဒဏ်ငွေကောက်ခံခြင်းနှင့် စပ်လျဉ်း၍သော်ငင်း၊ ထောင်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍သော်ငင်း၊ ပစ္စည်းများသိမ်းရန် ၊ ပြန်ပေးရန် ချမှတ်သည့် အမိန့်နှင့် စပ်လျဉ်း၍ သော်ငင်း ဥပဒေနှင့်အညီ လိုအပ်သလိုဆောင်ရွက်ရန်တာဝန်ရှိရမည်။

၄၇။ ။ အကယ်၍တရားခံအား ပစ္စည်း၊ သို့မဟုတ် ငွေကို ပြန်ပေးရန်ဒေသပြည်သူ့တရားရုံးမှ အမိန့်ချမှတ် ပါ က အယူခံနိုင်ခွင့်ရှိသည့်ရက်ပေါင်း ၆ လဖြစ်စေ၊ အယူခံဝင်ခဲ့လျှင် အယူခံပြီးဆုံးပြီးမှဖြစ်စေ ပြန် လည်ပေးအပ်ရမည်။

၄၈။ ။ မြို့နယ်ရာဇဝတ်တရားသူကြီးမရှိသောအခါ၌သော်ငင်း၊ မြို့နယ်ရာဇဝတ်တရားသူကြီးရှိသော်ငြား လည်း အကြောင်းတခုခုကြောင့်မြို့နယ်ရာဇဝတ်တရားသူကြီးတာဝန်ဝတ္တရားတို့ကို ထမ်းဆောင်ခြင်းမ ပြုနိုင်သောအခါ၌သော်ငင်း၊ ဤနည်းဥပဒေများတွင်ပါရှိသည့်ကိစ္စရပ်များအလို့ငှါမြို့နယ်ရာဇဝတ်တရား သူကြီးကထမ်းဆောင်ရမည့်တာဝန်များကို ၎င်းနှင့်အနီးဆုံးနှင့် ဝါအရင့်ဆုံးဖြစ်သောရာဇဝတ်တရားသူ ကြီးတဦးဦးကထမ်းဆောင်ရမည်။

## အခန်း ၅

## အယူခံလွှာတင်ခြင်း

၄၉။ ။ အယူခံဝင်လိုသူသည် ဒေသပြည်သူ့တရားရုံးကစီရင်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်းအယူခံအဖွဲ့သို့ အယူခံလွှာကို ဒေသဆိုင်ရာစက်ရှင်တရားသူကြီး၊ သို့မဟုတ် ရာဘက်စက်ရှင်တ ရားသူကြီးမှတဆင့် တင်သွင်းရမည်။ သို့ရာတွင် အစိုးရကတင်သွင်းသောအယူခံမှုများတွင် အယူခံလွှာ ကို ဒေသပြည်သူ့တရားရုံးက စီရင်ချက်ချမှတ်သောနေ့မှ ၆ လအတွင်းအယူခံလွှာတင်သွင်းနိုင်သည်။

၅၀။ ။ အယူခံလွှာကိုရရှိသောအခါစက်ရှင်တရားသူကြီး၊ သို့မဟုတ် ရာဘက်စက်ရှင်တရားသူကြီးသည် တိုင်း/ ပြည်နယ်အတွင်း၌ ဖွဲ့စည်းထားသော အယူခံအဖွဲ့သို့ပေးပို့ရမည်။

### အယူခံအဖွဲ့ ဖွဲ့စည်းခြင်း

၅၁။ ။ အယူခံအဖွဲ့တွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်စေရမည်-

### နာယကနှင့်အဖွဲ့ဝင်များ

(က) တိုင်း/ ပြည်နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီမှရွေးချယ်သောပုဂ္ဂိုလ်တဦး---- နာယက။

(ခ) ပြည်သူ့အလုပ်သမားကောင်စီကိုယ်စားလှယ်တဦး အဖွဲ့ဝင်။

(ဂ) ပြည်သူ့တောင်သူလယ်သမားကောင်စီကိုယ်စားလှယ်တဦး ---- ---- အဖွဲ့ဝင်။

### အရန်အဖွဲ့ဝင်များ

(ဃ) ပြည်သူ့အလုပ်သမားကောင်စီကိုယ်စားလှယ်တဦး အရန်အဖွဲ့ဝင်။

(င) ပြည်သူ့တောင်သူလယ်သမားကောင်စီကိုယ်စားလှယ်တဦး ---- ---- အရန်အဖွဲ့ဝင်။

**မှတ်ချက်**။ ။ (၁) လိုအပ်လျှင်ဥပဒေရေးရာ နားလည်တတ်ကျွမ်းသူတဦးကို ဥပဒေအရာရှိအဖြစ်ထည့် သွင်းနိုင်သည်။

(၂) ပြည်သူ့အလုပ်သမားကောင်စီနှင့်ပြည်သူ့တောင်သူလယ်သမားကောင်စီများကို မဖွဲ့စည်းရသေးမီ ကာလအတွင်းသက်ဆိုင်ရာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီယူနစ်ကကိုယ်စားလှယ်များကို ရွေးချယ်ပေး ရမည်။

(၃) အကယ်၍ အဖွဲ့ဝင်တဦးဦးဖျားနာ၍သော်၎င်း၊ မလွှဲမရှောင်သာသောကိစ္စကြောင့်အရပ်တပါး သို့သွား နေရသောအခါ၌သော်၎င်း အရန်အဖွဲ့ဝင်တဦးဦးကို ထည့်သွင်း၍ဆက်လက်စစ်ဆေးနိုင်သည်။

(၄) တိုင်း/ ပြည်နယ်အတွင်းအယူခံအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပေးနိုင်သည်။

၅၂။ ။ တိုင်း/ ပြည်နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသည်အမိန့်ကြော်ငြာစာဖြင့် အယူခံအဖွဲ့ကို ဖွဲ့ စည်းပေးရမည်။ ထိုသို့ဖွဲ့စည်းသည့်အမိန့်ကြော်ငြာစာ၏ မိတ္တူများကိုအောက်ပါအတိုင်းပေးပို့ရမည်-

(က) သက်ဆိုင်ရာခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ/ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီများ။

(ခ) သက်ဆိုင်ရာစက်ရှင်တရားသူကြီး၊ သို့မဟုတ် ရာဘက်စက်ရှင်တရားသူကြီး။

(ဂ) တရားရေးဌာန။

၅၃။ ။ အယူခံအဖွဲ့ရုံးထိုင်ရန်နေရာနှင့်ရုံးအမှုထမ်းများ၊ အယူခံမှုမှတ်တမ်းတင်ခြင်းများ စသည့်တို့ကို သက်ဆိုင်ရာစက်ရှင်တရားသူကြီး၊ သို့မဟုတ် ရာဘက်စက်ရှင်တရားသူကြီးက စီစဉ်ဆောင်ရွက်ပေးရမည်။

## အယူခံအဖွဲ့၏လုပ်ထုံးလုပ်နည်း

၅၄။ ။ နည်းဥပဒေ ၅၀ အရပေးပို့သည့်အယူခံလွှာရရှိသောအခါ အယူခံအဖွဲ့သည်သက်ဆိုင်ရာအမှုတွဲကို စိစစ်ရမည်။ အမှုတွဲမရောက်သေးလျှင် သက်ဆိုင်ရာမြို့နယ်ရာဇဝတ်တရားသူကြီးထံမှအမှုတွဲကို တိုက် ရိုက်ခေါ်ယူရမည်။ အမှုတွဲ၌စာရွက်စာတမ်းစသည့်တို့ ပြည့်စုံစွာမပါခဲ့သော် သက်ဆိုင်ရာမြို့နယ်ရာဇဝတ် တရားသူကြီးက ပြည့်စုံအောင်ဆောင်ရွက်ပေးရမည်။

၅၅။ ။ စာရွက်စာတမ်းများရရှိသည့်အခါ အယူခံအဖွဲ့သည်အယူခံမှုကိုကြားနာရန်ချိန်းဆို၍ အမှုချိန်းဆို ကြောင်းကို အယူခံတရားလိုသို့ အကြောင်းကြားရမည်။ ထိုနည်းတူစွာ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ် မှုကော်မီတီနှင့် ခရိုင်ဝန်တို့ထံသို့လည်းအကြောင်းကြားရမည်။

၅၆။ ။ ထိုအကြောင်းကြားစာကိုရရှိသောအခါအယူခံအမှုများတွင် အစိုးရ၏ကိုယ်စားဆောင်ရွက်ရန်လို အပ်ပါက မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ ဥက္ကဋ္ဌသည် ခရိုင်ဝန်နှင့်ညှိနှိုင်းပြီးအစိုးရရှေ့နေရရှိ ရန်ဆောင်ရွက်ပေးရမည်။

၅၇။ ။ အစိုးရက အယူခံတင်သွင်းသောအမှုဖြစ်လျှင် အယူခံတရားခံအားအယူခံမှုကြားနာရန် ချိန်းဆို သည့်နေ့ရက်ကို အကြောင်းကြားရမည်။ အယူခံသူအစိုးရ၏ ကိုယ်စား ဆောင်ရွက်သူအားလည်းအ ကြောင်းကြားရမည်။

၅၈။ ။ အယူခံအဖွဲ့သည် ချိန်းဆိုသောနေ့ရက်တွင် အယူခံတရားလိုအားရင်း၊ အယူခံတရားခံအားရင်း ကြားနာစစ်ဆေးရမည်။ အမှုတွဲတွင်အမိကသက်သေအထောက်အထားများစစ်ဆေးရန်ကျန်ရှိနေကြောင်း ပေါ်လွင်ပါက

အယူခံအဖွဲ့သည်ထပ်မံ၍လိုအပ်သော သက်သေများကို ခေါ်ယူစစ်ဆေးခြင်း၊ သို့မဟုတ် ဒေသပြည်သူ့တရားရုံး၊ သို့မဟုတ် အခြားသင့်လျော်သောပုဂ္ဂိုလ်အား တာဝန်ပေး၍ စစ်ဆေးခြင်းပြုလုပ် နိုင်သည်။

၅၉။ ။ ထိုသို့ကြားနာစစ်ဆေးပြီးနောက် အယူခံအဖွဲ့သည်အောက်ပါအမိန့်တခုခုကိုချမှတ်နိုင်သည်-

(က) ဒေသပြည်သူ့တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကိုပယ်ဖျက်၍ တရားခံအားတရားသေလွှတ်နိုင်သည်။

(ခ) ပြစ်မှုထင်ရှားစီရင်ခြင်းနှင့်ပြစ်ဒဏ်စီရင်ခြင်းကိုအတည်ပြုနိုင်သည်။

(ဂ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြု၍ ပြစ်ဒဏ်စီရင်ခြင်းကို လျှော့နိုင်သည်။

(ဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုငှင်း၊ ပြစ်ဒဏ်စီရင်ခြင်းကိုငှင်း ပြောင်းလဲပြင်ဆင်နိုင်သည်။

(င) အစိုးရကအယူခံဝင်သောအခါ၌ ဒေသပြည်သူ့တရားရုံးက ချမှတ်သည့်ဆုံးဖြတ်ချက်အစား အယူခံ အဖွဲ့သည် သင့်လျော်သော အမိန့်တရပ်ရပ်ချမှတ်နိုင်သည်။

(စ) ဒေသပြည်သူ့တရားရုံးက သိမ်းဆည်းသောပစ္စည်းနှင့် စပ်လျဉ်း၍ ချမှတ်သော အမိန့်ကိုအတည်ပြု နိုင်သည်၊ သို့မဟုတ် ပြင်ဆင်ပြောင်းလဲနိုင်သည်၊ သို့မဟုတ် ပယ်ဖျက်နိုင်သည်၊ သို့မဟုတ် ချမှတ်သောအ မိန့်ကို ပယ်ဖျက်ပြီး အခြားသင့်တော်သော အမိန့်တရပ်ရပ်ကို ချမှတ်နိုင်သည်။

၆၀။ ။ အယူခံအဖွဲ့သည် မှုခင်းမှတ်တမ်းကို ရေးမှတ်ရမည်။ အယူခံအဖွဲ့၏အမိန့်ကိုအကျိုးသက်ရောက် စေရန်အလို့ငှါလိုအပ်သောကိစ္စများကို ဆောင်ရွက်ရန်အတွက် အယူခံအဖွဲ့သည် အမှုတွဲကိုသက်ဆိုင်ရာ မြို့နယ်ရာဇဝတ်တရားသူကြီးရုံးသို့ပေးပို့ရမည်။

၆၁။ ။ ထိုသို့အမှုတွဲရရှိသောအခါ မြို့နယ်ရာဇဝတ်တရားသူကြီးသည် အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ဥပဒေနှင့်အညီ အကျိုးသက်ရောက်အောင် ပြုလုပ်ဆောင်ရွက်ရမည်။

၆၂။ ။ မြို့နယ်ရာဇဝတ်တရားသူကြီးသည် ထိုသို့ဆောင်ရွက်ပြီးနောက် မိမိသည် မည်သို့ဆောင်ရွက် ကြောင်း အပြည့်အစုံပါဝင်သည့် အစီရင်ခံစာတစောင်ကို ပုံစံ ၈ မိတ္တူနှင့်တကွ တရားရေးဌာနနှင့် တိုင်း/ ပြည်နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီတို့သို့ပေးပို့ရမည်။

၆၃။ ။ အယူခံအဖွဲ့သည် သိမ်းဆည်းသောပစ္စည်းနှင့်စပ်လျဉ်း၍ ဒေသပြည်သူ့တရားရုံးကချမှတ်သည့် အမိန့်ကို အတည်မပြုပဲ ပြင်ဆင်ပြောင်းလဲခြင်းပြုသောအခါ၌ ထိုသက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ဆက် လက်ဆောင်ရွက်ဘွယ်ရှိသည်ကို သက်ဆိုင်ရာမြို့နယ်ရာဇဝတ်တရားသူကြီးကအောက်ပါအတိုင်းဆောင် ရွက်ရမည်-

(က) သိမ်းဆည်းသောပစ္စည်းကိုအယူခံတရားလိုအားပြန်လည်ပေးရန်အမိန့်ချမှတ်သည့်အမှုတွင် အယူခံ တရားလိုအားပစ္စည်း၊ သို့မဟုတ် ပျက်စီးလွယ်သော၊ သို့မဟုတ် ကန့်သတ်ထားသော ပစ္စည်းဖြစ်၍ ထုခွဲ ပြီးပါက တန်ဘိုးငွေကိုပြန်ပေးရန်စီစဉ်ဆောင်ရွက်ရမည်။

(ခ) အယူခံတရားလိုထံမှပစ္စည်း/ ငွေရရှိကြောင်းလက်မှတ်ရေးထိုးထားသည့်ပြေစာ ၂ စောင်ကို ရယူပြီး နောက် အမှုတွဲတွင်တစောင်တွဲ၍ တစောင်ကိုပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ပေးပို့ရမည်။

၆၄။ ။ (၁) အမှုချိန်းဆိုသောနေ့တွင် အယူခံတရားလိုဖြစ်စေ၊ အယူခံတရားလိုကိုယ်စားဆောင်ရွက်သူဖြစ် စေ မလာရောက်ပဲပျက်ကွက်ခဲ့သော် ယင်း၏မျက်ကွယ်တွင်ကြားနာ၍ သင့်လျော်သောအမိန့်ကိုချမှတ်နိုင် သည်။

(၂) အစိုးရက အယူခံသောအမှုတွင် ချိန်းဆိုသောနေ့၌ အယူခံအဖွဲ့၏ရှေ့မှောက်တွင် အယူခံတရားခံဖြစ် စေ၊ အယူခံတရားခံကိုယ်စားဆောင်ရွက်သူဖြစ်စေ မလာရောက်ပဲပျက်ကွက်ခဲ့သော် အယူခံအဖွဲ့သည် အယူခံမှုကို ယင်းမျက်ကွယ်တွင်ကြားနာ၍ သင့်လျော်သောအမိန့်ကိုချမှတ်နိုင်သည်။

(၃) ချိန်းဆိုသောနေ့တွင် အယူခံတရားလို၊ သို့မဟုတ်အယူခံတရားလိုကိုယ်စားဆောင်ရွက်သူနှင့် အယူခံ တရားခံ၊ သို့မဟုတ် အယူခံတရားခံ ကိုယ်စားဆောင်ရွက်သူ နှစ်ဘက်စလုံးမလာရောက်ပဲပျက် ကွက်ခဲ့ သော်အယူခံအဖွဲ့သည် အယူခံမှုကိုသင့်တော်သောအမိန့်တခုခုချမှတ်နိုင်သည်။

၆၅။ ။ အယူခံအဖွဲ့သည် အယူခံမှုကို ပြီးဆုံးသည်အထိ နေ့စဉ်ရက်ဆက်ကြားနာရမည်။ လုံလောက်သော အကြောင်းတခုခုကြောင့်နေ့စဉ်ရက်ဆက်ကြားနာခြင်းမပြုနိုင်လျှင် မည်သည့်အတွက် ကြားနာခြင်းမပြု နိုင်ကြောင်းကို တိုင်း/ ပြည်နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသို့ အစီရင်ခံရမည်။

၆၆။ ။ အယူခံအဖွဲ့သည် အယူခံမှုကို အမှန်ဆုံးနှင့် အမြန်ဆုံးဖြစ်အောင်စီရင်ရန် တာဝန်ရှိစေရမည်။

၆၇။ ။ အယူခံအဖွဲ့ထံမှ အမှုတွဲကို ရရှိသောအခါ မြို့နယ်ရာဇဝတ်တရားသူကြီးသည်ပုံစံ ၈ တွင်ရေးသွင်း ရမည်။ အမှုတွဲကိုလည်း ထိန်းသိမ်းထားရှိရမည်။ ပုံစံ ၈ မိတ္တူကို တရားရေးဌာန၊ တိုင်း/ ပြည်နယ်လုံခြုံ ရေးနှင့် အုပ်ချုပ်မှုကော်မီတီနှင့် သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ မှတ်ပုံတင်ထားရှိရန်အတွက် ပေးပို့ ရမည်။

၆၈။ ။ ဒေသပြည်သူ့တရားရုံးတွင်သော်၎င်း၊ အယူခံအဖွဲ့တွင်သော်၎င်းမှုခင်းကိုစစ်ဆေးရာ၌ တရားခံ သည်၊ သို့မဟုတ် အခြားသူတဦးသည် အခြားပြစ်မှုတစုံတရာကိုကျူးလွန်ကြောင်းယုံကြည်ရန်အ ကြောင်းရှိပါက သက်ဆိုင်ရာတရားဥပဒေများအရ ဆက်လက်အရေးယူနိုင်ရန် မြို့နယ်လုံခြုံရေးနှင့် အုပ် ချုပ်မှုကော်မီတီသည် တိုင်း/ ပြည်နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသို့တင်ပြရမည်။ တိုင်း/ ပြည် နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှု ကော်မီတီသည် ပြည်ထဲရေးဌာနသို့အကြောင်းကြားရမည်။

## အခန်း ၆

## ပုဒ်မ ၁၅ အရ အရေးယူဆောင်ရွက်နည်း

၆၉။ ။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွါးရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပ ဒေပုဒ်မ ၁၅ အရ အရေးယူရန်ကိစ္စတွင် ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေနှင့် ညွှန်ကြားချက်များအ တိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း ၇

## မိမိမြို့နယ်နှင့် အကျုံးမဝင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နည်း

၇၀။ ။ ရှာဖွေစစ်ဆေးရေးအဖွဲ့သည် မိမိ၏ မြို့နယ်အတွက် ကုန်သွယ်ရေးမှသတ်မှတ်ထားသောပစ္စည်း စာရင်းတွင် မပါဝင်သော်လည်း အခြားမြို့နယ်အတွက်သတ်မှတ်ထားသော ပစ္စည်းစာရင်းတွင်ပါဝင်၍ ထိုသတ်မှတ်ထားသော

မြို့နယ်မှ ဝယ်ယူသယ်ဆောင်လာသောပစ္စည်းများ၊ သို့မဟုတ် ထိုသတ်မှတ်ထားသောမြို့နယ်သို့သယ်ယူပို့ဆောင်သွားမည့်ပစ္စည်းများကို ရှာဖွေတွေ့ရှိလျှင် ပုံစံ ၂တွင် ဖြည့်သွင်း၍တရားခံနှင့်သိမ်းဆည်းရရှိသော ပစ္စည်းအစရှိသည်တို့ကို မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသို့ လိုအပ်သလိုဆက်လက်ဆောင်ရွက်ရန်ပေးအပ်ရမည်။

၇၁။ ။ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည် တရားခံအား ဤနည်းဥပဒေများပါပြဋ္ဌာန်းချက် များအရ ချုပ်ထားခြင်းနှင့် အာမခံပေးခြင်းများကို ပြုလုပ်နိုင်သည်။

၇၂။ ။ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည် သိမ်းဆည်းရရှိသောပစ္စည်းများကို မိမိမြို့နယ်ကုန် သွယ်ရေးအဖွဲ့သို့ ဤနည်းဥပဒေများပါပြဋ္ဌာန်းချက်များအရ ထုခွဲရန်အတွက် လွှဲအပ်ပေးရမည်။

၇၃။ ။ မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီသည် မြို့နယ်ကုန်သွယ်ရေးအဖွဲ့မှသိမ်းဆည်းရရှိသော ပစ္စည်းများကို ထုခွဲရောင်းချ၍ ရရှိသည့်ပစ္စည်း၏တန်ဘိုးငွေကိုငွေတိုက်/ ဘဏ်တွင် တရားရုံးအပ်ငွေ အဖြစ်ဖြင့် အပ်နှံပြီးကြောင်းချလံမိတ္တူကို လက်ခံရရှိသည်အခါယင်းချလံမိတ္တူနှင့်ပုံစံ ၂ ကိုတရားခံနှင့် အတူသက်ဆိုင်သည့်မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသို့လိုအပ်သလို ဆက်လက်အရေးယူနိုင်ရန် လွှဲပြောင်းပေးပို့ရမည်။

၇၄။ ။ သက်ဆိုင်သည့်မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီသည် အထက်ပါအတိုင်း အမှုနှင့်ဆိုင်ရာ စာရွက်စာတမ်းများနှင့် တရားခံကို လွှဲပြောင်းလက်ခံရရှိသည့်အခါ ဤနည်းဥပဒေများပါပြဋ္ဌာန်းချက် များအရ လိုအပ်သလို ဆက်လက်အရေးယူဆောင်ရွက်ရမည်။

အမိန့်အရ၊<br>
ဒု - ဗိုလ်မှူးကြီး လှမောင်၊<br>
အတွင်းဝန်၊<br>
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊<br>
ပြည်ထဲရေးဌာန။

## ----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ရှာဖွေစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့် (မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီမှ ရေးသွင်းရန်)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ရှာဖွေစစ်ဆေးရေးအဖွဲ့မှတ်တမ်း (ရှာဖွေစစ်ဆေးရေးအဖွဲ့မှ ရေးသွင်းရန်)

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 အခြားပြည်သူ့ရဲတပ်ဖွဲ့စခန်းပိုင်နယ်မြေတွင် သက်သေများစစ်ဆေးရန်

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီက၊ တရားခံအားချုပ်ထားရန်လွှဲအပ်သည့်အမိန့် အခွင့်အာဏာ

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီက၊ တရားခံအား အာမခံပေးရာတွင် ချုပ်ဆိုရမည့် ခံဝန်ချုပ် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီဥက္ကဋ္ဌ
[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပြည်သူ့ရဲတပ်ဖွဲ့စခန်း/ အကျဉ်းစခန်းတွင် ချုပ်ထားသည့်တရားခံကိုလွှတ်ရန်ညွှန်ကြားချက် အခွင့်အာဏာ
[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီမှကုန်သွယ်ရေးသို့ပေးပို့သော ပစ္စည်းများစာရင်း
[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 (ဒေသပြည်သူ့တရားရုံး/ အယူခံအဖွဲ့၏နာယကနှင့်အဖွဲ့ဝင်များ/ အရန်အဖွဲ့ဝင်များက ပြုရန်ကတိသစ္စာ ပုံစံ)
[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 (ဒေသပြည်သူ့တရားရုံး/ အယူခံအဖွဲ့တွင်တရားလို/ တရားခံ/ သက်သေကပြုရန်ကတိသစ္စာ)
[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ဒေသပြည်သူ့တရားရုံးကစစ်ဆေးသည့်အမှုများအတွက် မှတ်ပုံတင်နှင့်အစီရင်ခံချက်ဇယား
[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ဒေသပြည်သူ့တရားရုံးဆိုင်ရာ အယူခံအဖွဲ့က စစ်ဆေးသည့်အမှုများအတွက် မှတ်ပုံတင်နှင့်အစီရင်ခံချက်ဇယား
[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပစ္စည်းသိမ်း မှတ်ပုံတင်စာအုပ်